# အလုပ်သမားဝန်ကြီးဌာန

# လူမှုဖူလုံရေးအဖွဲ့

## လူမှုဖူလုံရေးအဖွဲ့၏သတင်းအချက်အလက်စနစ်

## (SSB Management Information System)

## လုပ်ငန်းဒုတိယအဆင့်

## Lot (1): Telecommunication Infrastructure များ ချိတ်ဆက်တပ်ဆင်ခြင်းအတွက်

## သတ်မှတ်လုပ်ငန်းတာဝန်များ

## (Terms of References)

Social Security Board

နေပြည်တော် ၁၀-၀၃-၂၀၂၃

Document History

| Date | Version | By | Remarks |
|---|---|---|---|
| 13-05-2020 | 1.00 | Social Security Board, ILO | 1st Version |
| 18-01-2021 | 2.00 | Social Security Board, ILO | 2nd Version |
| 10-03-2023 | 3.00 | Social Security Board, ILO | 3rd Version |

Social Security Board

## Contents at Glance


၁။ မိတ်ဆက် .......... 5

၂။ လိုအပ်ချက်များ အကြောင်းအကြမ်းဖျင်း ဖော်ပြချက် .......... 10

၃။ စီမံကိန်းအား စီမံခန့်ခွဲခြင်း (Project Management) .......... 13

၄။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ.......... 18

၅။ ဆောင်ရွက်ပြီးစီးရမည့်လုပ်ငန်းများ .......... 21

၆။ အဆိုပြုလွှာများ၏ အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်များ.......... 22

Tables and Figures.......... 25


Social Security Board

**Table of Contents**


၁။ မိတ်ဆက် ..... 5

၁.၁။ နောက်ခံအကြောင်းအရာ ..... 5

၁.၂။ ယေဘုယျမျှော်မှန်းချက် ..... 5

၁.၃.၁။ ဌာနတွင်းအသုံးပြုမည့်သူအရေအတွက် ..... 7

၁.၃.၂။ ဌာနပြင်ပမှ အသုံးပြုမည့်သူများ အရေအတွက် ..... 8

၁.၃.၃။ အသုံးပြုမည့်သူအရေအတွက်စုစုပေါင်း ..... 8

၁.၃.၄။ ID ကတ်ပမာဏနှင့်အရေအတွက် ..... 8

၂။ လိုအပ်ချက်များ အကြောင်းအကြမ်းဖျင်း ဖော်ပြချက် ..... 10

၂.၁။ 'ဖြေရှင်းချက်' အကြောင်း ယေဘုယျအကျဉ်းချုံး ဖော်ပြခြင်း ..... 10

၂.၂။ မြန်မာဘာသာစကား ..... 11

၂.၃။ စီမံကိန်းရေးဆွဲခြင်း ..... 11

၃။ စီမံကိန်းအား စီမံခန့်ခွဲခြင်း (Project Management) ..... 13

၃.၁။ စီမံကိန်း စီမံခန့်ခွဲရေးလုပ်ငန်းစဉ်အချုပ် ..... 13

၃.၁.၁။ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းစဉ် ..... 13

၃.၁.၂။ ပေးအပ်ရမည့်လုပ်ငန်းများကို ပြီးစီးကြောင်း အတည်ပြုသည့်လုပ်ငန်းစဉ် ..... 14

၃.၂။ ဆောင်ရွက်ပေးအပ်ရမည့် နည်းလမ်း ..... 14

၃.၂.၁။ အခြေခံအဆောက်အအုံ အစိတ်အပိုင်းများ တပ်ဆင်ခြင်းနှင့် စတင်အသုံးပြုနိုင်ရန်ဆောင်ရွက်ခြင်း ..... 15

၃.၂.၂။ ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းစဉ် ..... 15

၃.၂.၃။ လုပ်ငန်းလည်ပတ်ရေးဝန်ဆောင်မှုလုပ်ငန်းစဉ် ..... 16

၄။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ ..... 18

၄.၁။ လူမှုဖူလုံရေးအဖွဲ့၏ အခြေခံအဆောက်အုံပုံစံ ..... 18

၄.၂။ လုပ်ငန်းလည်ပတ်ခြင်း/တွက်ချက်ခြင်းနှင့်အချက်အလက်သိမ်းဆည်းခြင်းအတွက် Capacity ပမာဏ ..... 19

၄.၃။ ကွန်ရက်ချိတ်ဆက်ဖွဲ့စည်းပုံမူကြမ်း (Telecommunication Infrastructure Design) ..... 19

၄.၄။ မိုက်ခရိုဆော့ဖ် ဆော့ဖ်ဝဲလ် (Microsoft software) အခြေခံအဆောက်အအုံနှင့် အခြားဆော့ဖ်ဝဲများ ..... 20

၄.၅။ Hardware များ ..... 20

၅။ ဆောင်ရွက်ပြီးစီးရမည့်လုပ်ငန်းများ ..... 21

၆။ အဆိုပြုလွှာများ၏ အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်များ ..... 22

၆.၁။ အရည်အသွေး အကဲဖြတ်ချက်ရာနှုန်း ..... 22

၆.၂။ ထောက်ပံ့ပေးသွင်းသူ၏ အရည်အချင်းနှင့် အတွေ့အကြုံ ..... 22

၆.၃။ ထောက်ပံ့ပေးသွင်းသူ၏ နားလည်သဘောပေါက်မှုနှင့် အသုံးပြုမည့်နည်းလမ်း ..... 23

၆.၄။ အရေးကြီးသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ..... 23

၆.၅။ အဓိကကျသော ကျွမ်းကျင်ဝန်ထမ်းများ ..... 23

Tables and Figures ..... 25

Figures ..... 25

Tables ..... 25


Social Security Board

## ၁။ မိတ်ဆက်

### ၁.၁။ နောက်ခံအကြောင်းအရာ

(က) မြန်မာနိုင်ငံတွင် လူမှုဖူလုံရေးစီမံကိန်းကို ၁၉၅၆ ခုနှစ်မှစ၍ အလုပ်သမားများ၊ အလုပ်ရှင်များနှင့် အစိုးရတို့ ပူးပေါင်း၍ လူမှုရေးအာမခံအစီအစဉ်များဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ အလုပ်သမားများ၏ လူမှုစီးပွားရေးကိစ္စများနှင့် ကျန်းမာရေးအတွက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၂ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့သည့် လူမှုဖူလုံရေးဥပဒေအသစ်တွင် အာမခံအမျိုးအစားနှင့် စည်းမျဉ်းအသစ်များ ပါဝင်လာခဲ့သည်။ ဥပဒေအသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် စီမံခန့်ခွဲရန် လူမှုဖူလုံရေးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဥပဒေအသစ်သည် ၂၀၁၄ ခုနှစ်၊ ဧပြီလမှစ၍ စတင်အသက်ဝင်ခဲ့သည်။ လူမှုဖူလုံရေးအဖွဲ့သည် လွန်ခဲ့သည့် (၃) နှစ် ကျော်ကာလအတွင်း ကွန်ပျူတာစနစ်ကို အသုံးပြု၍ အလုပ်သမားသက်သေခံကတ်ပြား ထုတ်ပေးခြင်းအပြင် အပြောင်းအလဲများကို ဖော်ဆောင်နိုင်ရန် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လျှောက်လွှာပုံစံများကို အသုံးပြုဆောင်ရွက်ခဲ့သည်။ ဥပဒေအဟောင်းတွင် အကျုံးဝင်ခဲ့သည့် အလုပ်သမားများကို ဥပဒေအသစ်တွင်လည်း ဆက်လက်အကျုံးဝင်ခွင့်ပြုထား၍ အာမခံအလုပ်သမားများအနေဖြင့် အကျိုးခံစားခွင့် များဆက်လက်ခံစားနိုင်သည်။

(ခ) လူမှုဖူလုံရေးအဖွဲ့တွင် အာမခံထားသည့် အလုပ်သမားများနှင့် အခြားအကျိုးခံစားခွင့်ရှိသူများအား ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန် လူမှုဖူလုံရေးအဖွဲ့၏ စီမံခန့်ခွဲရေးလုပ်ငန်းစဉ် များနှင့် နည်းပညာအရ ထောက်ပံ့ပေးနိုင်မည့် စနစ်များကို ပြောင်းလဲကျင့်သုံးရန်လိုအပ်သည့် အခြေအနေသို့ ရောက်ရှိလာပါသည်။ လူမှုဖူလုံရေးအဖွဲ့သည် လက်ရှိတွင် အလုပ်သမား (၁.၂)သန်း နီးပါးကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ လာမည့် (၅) နှစ်တာကာလအတွင်း ဝန်ဆောင်မှုပေးရမည့် အာမခံအလုပ်သမားဦးရေသည် နှစ်ဆကျော်အထိ တိုးမြင့်လာနိုင်ချေရှိပါသည်။ ခန့်မှန်းတွက်ချက်မှုများအရ နောင် (၁၀) နှစ်တာ ကာလတွင် အာမခံထားသည့် အလုပ်သမားဦးရေနှင့် အခြား အကျိုးခံစားခွင့်ရှိသူ ဦးရေ (၈) သန်းခန့်ရှိလာနိုင်မည်ဟု မျှော်မှန်းထားပါသည်။

(ဂ) လူမှုဖူလုံရေးအဖွဲ့၏လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက် စနစ်အား ပြီးပြည့်စုံသော စီမံကိန်းတစ်ခု အနေဖြင့်တည်ဆောက်သွားပါမည်။ သို့သော် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူစေရန် စီမံကိန်းအားအစိတ်အပိုင်း တစ်ခုချင်းစီအလိုက် ခွဲ၍လုပ်ဆောင်သွားပါမည်။ ခွဲခြားထားသည့် အစိတ်အပိုင်း တစ်ခုချင်းစီအလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူပြီး၊ ထောက်ပံ့ပေးသွင်းသူအား ပွင့်လင်းမြင်သာစွာ ရွေးချယ် သွားပါမည်။

(ဃ) ဤတင်ဒါလမ်းညွှန်သည် လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ်၏ အခြေခံအစိတ်အပိုင်းတစ်ခုဖြစ် သည့် Telecommunication Infrastructure များတပ်ဆင်ခြင်းအတွက် လိုအပ်သော သတ်မှတ်ချက်များကို Lot အမှတ်(၁) အနေဖြင့် ဆောင်ရွက်သွားပါမည်။ 'ဖြေရှင်းချက်/Solution' ဆိုသည့် ဝေါဟာရသည် ထောက်ပံ့ပေးသွင်း သူ (Supplier) ဘက်မှ လုပ်ဆောင်ပေးအပ်ရမည့် အစိတ်အပိုင်းများ (Components) နှင့် ဝန်ဆောင်မှုများ (Services) အားလုံးကို ရည်ညွှန်းသည်။

### ၁.၂။ ယေဘုယျမျှော်မှန်းချက်

(က) လူမှုဖူလုံရေးအဖွဲ့အနေဖြင့် တိုးတက်များပြားလာသည့် လိုအပ်ချက်များကို ပေါင်းစည်းဖြေရှင်းပေးနိုင်မည့် သတင်းအချက်အလက်စနစ် (Information System- (IS) Solution) အသစ်တစ်ခု တည်ဆောက်ရန် လိုအပ်သည့် လုပ်ငန်းအစိတ်အပိုင်းတစ်ခုချင်းစီအား သီးခြားစီခွဲ၍ SSB Information System (PhaseII) အနေဖြင့် တင်ဒါများကို ခေါ်ယူပြီး၊ အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်သည့် ထောက်ပံ့ပေးသွင်းသူများကို ပွင့်လင်းမြင်သာမှု ရှိစွာရွေးချယ် သွားပါမည်။

(ခ) ထောက်ပံ့ပေးသွင်းသူသည် ဤ Lot အမှတ် (၁) ဖြစ်သော Telecommunication infrastructure များ အား **နောက်ဆက်တွဲ(ခ) တွင် ဖော်ပြပါရှိသည့် လူမှုဖူလုံရေးအဖွဲ့၏ တည်နေရာ(၃၀)** တွင် တပ်ဆင်ခြင်းအတွက် လိုအပ်သော အစိတ်အပိုင်းများ (Components) နှင့် ဝန်ဆောင်မှုများ (Services) အတွက် ပုံသေသတ်မှတ်ထားသည့် ဈေးနှုန်းများဖြင့် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရပါမည်-

(၁) Hardware အစိတ်အပိုင်းများအားလုံးကို ထောက်ပံ့ပေးရန်

- Firewall
- Switch
- Router
- Modem
- Cable, wire and all supplies

Social Security Board

- Another telecommunication equipments

(၂) Telecommunication equipments များနှင့် network installation၊ testing နှင့် လေ့ကျင့်သင်ကြားပေးမှုများအတွက် ဘာသာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာဝန်ဆောင်မှုများအား ထောက်ပံ့ပေးရန်

- Telecommunication Hardware များ
- Networking များ တပ်ဆင်ခြင်း
- စမ်းသပ်ခြင်း
- အမျိုးမျိုးသော အစီအစဉ်ရေးဆွဲမှု၊ အကောင်အထည်ဖော်မှု အဆင့်တိုင်းတွင် လူမှုဖူလုံရေးအဖွဲ့၏ IT ဝန်ထမ်းများပါဝင်စေနိုင်မည့် နည်းလမ်းများရှာဖွေခြင်းနှင့် စနစ်ကို အသုံးပြုနိုင်ရန်၊ ဖော်ဆောင်ရန်၊ လည်ပတ်နိုင်ရန်၊ တိုးချဲ့တည်ဆောက်ရန်နှင့် ပြုပြင်ထိန်းသိမ်းနိုင်ရန်သင်ကြားပြသပေးခြင်း (အသိပညာလွှဲပြောင်းပေးခြင်း)၊

(၃) လုပ်ငန်းလည်ပတ်ရန် အခြားဆော့ဖ်ဝဲ(software) လိုအပ်ချက်များရှိပါက သီးခြားလိုအပ်မည့် ဘာသာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာဝန်ဆောင်မှုများကိုလည်း ထည့်သွင်းပေးရန်။

(၄) 'ဖြေရှင်းချက်' အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ **နောက်ဆက်တွဲ(င) တွင် ဖော်ပြထားသည့် SSB Infromation System လုပ်ငန်းပထမအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ** နှင့် ချိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်ပေးခြင်း။

(၅) တင်ဒါလမ်းညွှန်တွင် ဖော်ပြထားသည့်အတိုင်း လူမှုဖူလုံရေးအဖွဲ့၏ နည်းပညာပိုင်းဆိုင်ရာရွေးချယ်မှုများကို လိုက်နာရန်။

(၆) Product များအား တပ်ဆင်ခြင်းမပြုခင် လုပ်ငန်းအစိတ်အပိုင်းများ၏ ဒီဇိုင်းအား ရေးဆွဲတင်ပြရန်။

(၇) Product များအား တပ်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း ဆောင်ရွက်ပေးရန်။

(ဂ) သတင်းအချက်အလက် 'ဖြေရှင်းချက်' စနစ်သစ်သည် လူမှုဖူလုံရေးအဖွဲ့အား အောက်ပါရည်မှန်းချက် တစ်ခုချင်းစီတိုင်းကို ဆောင်ရွက်နိုင်စေရမည်-

(၁) သတင်းအချက်အလက်များ၏ အရည်အသွေး၊ ပြည့်စုံမှန်ကန်မှုနှင့် လိုအပ်ချိန်တိုင်းတွင် အလွယ်တကူရရှိနိုင်မှု ကို အာမခံနိုင်ရမည်။

(၂) ထောက်ပံ့ပေးသွင်းသူနှင့် ပြုပြင်ထိန်းသိမ်းရန်စာချုပ်များ အသစ်တစ်ဖန် ထပ်မံမချုပ်ဆိုသည့် တိုင် အောင်ကောက်ယူ၊ စုဆောင်း၊ သိမ်းဆည်းထားသည့် အချက်အလက်များသည် လူမှုဖူလုံရေးအဖွဲ့၏ တစ်ဦးတည်းမူပိုင် ဖြစ်ရမည်။ လူမှုဖူလုံရေးအဖွဲ့က ဤ 'ဖြေရှင်းချက်' တွင် အကျုံးဝင်သော ဒေတာအချက်အလက်များ (Data) နှင့် အကြောင်းအရာ၊ သတင်းအချက်အလက်များ (Information) ကိုကြည့်ရှုခြင်း၊ ပြင်ဆင်ခြင်း၊ အသုံးပြုခြင်းများအတွက် ထောက်ပံ့ပေးသွင်းသူဖက်မှဖြစ်စေ၊ ၎င်း၏ စီးပွားဖက်များမှဖြစ်စေ၊ ၎င်းမှတစ်ဆင့် ငှားရမ်းထား သည့်သူမှဖြစ်စေ၊ မည်သူတစ်ဦး တစ်ယောက် သို့မဟုတ် မည်သည့်အဖွဲ့အစည်းကမျှ အဟန့်အတားပြုလုပ်ခြင်း (သို့မဟုတ်) ပြုလုပ်ရန်အား ထုတ် ခွင့်မရှိစေရ။

(၃) ကောက်ယူ၊ စုဆောင်း၊ သိမ်းဆည်းထားသည့် ဒေတာအချက်အလက်များ (Data) နှင့် အကြောင်း အရာ၊ သတင်းအချက်အလက်များ (Information) သည် ကိုယ်ရေးကိုယ်တာဆိုင်ရာအချက် အလက်များလုံခြုံမှု (Personal Information Privacy) သို့မဟုတ် လူမှုဖူလုံရေးအဖွဲ့၏ တစ်ဖွဲ့ တည်း မူပိုင်သာဖြစ်သည်။

(၄) သတင်းအချက်အလက် 'ဖြေရှင်းချက်' စနစ်မှ asynchronous synchronization capacity ပေးအပ်ထားသည့် လျှပ်စစ်မီးနှင့် ဆက်သွယ်မှု ခက်ခဲသောဒေသများမှ လွဲ၍ အချက်အလက်များကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို အလွယ်တကူရယူသုံးစွဲနိုင်စေရန် လုပ်ဆောင်ပေးရမည်။

(၅) လူမှုဖူလုံရေးအဖွဲ့၏ ရုံးချုပ်ဌာနခွဲများ၊ ရုံးခွဲများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် သဘောတူ စာချုပ်ချုပ် ဆိုထားသော ဆေးရုံ/ဆေးခန်းများအားလုံးတွင် အချက်အလက်များကို တစ်စုတစ်စည်းတည်း ရယူသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းပထမအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Data Center (S12) တွင် တပ်ဆင်ထားသည့် Hardware နှင့် ဆက်စပ်ပစ္စည်းများအတွက် Software License များအား (၁)နှစ်စာသက်တမ်းတိုးခြင်း နှင့် Telecommunication

Social Security Board

Infrastructure များချိတ်ဆက်တပ်ဆင်ထားသည့် စီမံကိန်းအကျုံးဝင် ရုံးချုပ်ဌာနများ ဆေးရုံကြီးများ၊ ရုံးခွဲ(၃၀)တွင် တပ်ဆင်ထားသည့် Catalyst 1000 24 port,POE,4x1G SFP Switch (၇၂)လုံး၊ Catalyst 1000 24 port GE, 4x1G SFP Switch (၄၁)လုံး၊ Catalyst 1000 16 port, 2x1G SFP Switch (၁၂)လုံး၊ C9300 Network Advantage, 24-port (၂)လုံး၊ C9300 Network Essentials, 24-port (၆)လုံး၊ Cisco UCS C220 M5 SFF Rack Server (၂)လုံးတို့အတွက် SmartNet Licenses များနှင့် VMware Vsphere6 Standard License (၄) တို့အတွက် (၁)နှစ်စာ သက်တမ်းတိုးခြင်းကို ဆောင်ရွက်ပေးရပါမည်။

**၁.၃။ အသုံးပြုမည့်သူဦးရေခန့်မှန်းတွက်ချက်ခြင်း**

(က) ဤအခန်းတွင် လူမှုဖူလုံရေးအဖွဲ့မှ ဝန်ထမ်းများ၊ အာမခံအလုပ်သမားများ၊ အကျိုးခံစားခွင့်ရှိသူများ၊ အလုပ်ရှင်များနှင့် အစိုးရအဖွဲ့အစည်းများမှ အသုံးပြုမည့်သူများပါဝင်သော ဌာနတွင်းနှင့် ဌာနပြင်ပ အသုံးပြုသူ အရေအတွက်အလိုက် လိုအပ်နိုင်မည့် စနစ်၏ အရွယ်အစားကို ခန့်မှန်းဖော်ပြထားပါသည်။

**၁.၃.၁။ ဌာနတွင်းအသုံးပြုမည့်သူအရေအတွက်**

(က) ('ဖြေရှင်းချက်' ဖော်ဆောင်ပြီးစီး၍ အပြည့်အဝလည်ပတ်ချိန်တွင်) လူမှုဖူလုံရေးဌာနတွင်း စနစ်သစ်ကို အသုံးပြုမည့်သူများတွင် မြန်မာနိုင်ငံအနှံ့ရှိ လူမှုဖူလုံရေးအဖွဲ့၏ အောက်ပါနေရာများနှင့် ဝန်ထမ်းများအားလုံးပါဝင်မည်-

မြေပြင်၊တည်နေရာအရေအတွက်စုစုပေါင်း

- (၁) ရုံးချုပ် - ၂၅ နေရာ
- (၂) အလုပ်သမားဆေးရုံကြီးများ၊ဆေးခန်းများနှင့်အခြား - ၁၅၀ နေရာ
- (၃) တိုင်းနှင့်ပြည်နယ်၊ခရိုင်နှင့်မြို့နယ်ရုံးခွဲများ - ၁၂၉ နေရာ
- (၄) မြေပြင်၊တည်နေရာ စုစုပေါင်း (၃၀၀) မှ (၅၀၀) ခန့်အထိ

ဌာနတွင်းအသုံးပြုမည့်သူအရေအတွက်စုစုပေါင်း

- (၁) လူမှုဖူလုံရေးအဖွဲ့တွင် လက်ရှိဝန်ထမ်းပေါင်း (၂၄၀၀) ခန့်ရှိပါသည်။ နောင်တွင် ဆေးရုံ ဆေးခန်းဆိုင်ရာ ဝန်ထမ်းများ (အုပ်ချုပ်ရေးဝန်ထမ်း၊ သူနာပြုများ၊ ဆရာဝန်များအပါအဝင်) ဝန်ထမ်းပေါင်း (၄၅၀၀) အထိ တိုးတက်လာနိုင်ပါသည်။
- (၂) မြို့နယ်ဦးစီးအရာရှိများမှစ၍ ရုံးချုပ်ဌာနများရှိ အကြီးအကဲများအထိ သက်ဆိုင်ရာဌာန၏ လုပ်ငန်းစဉ်အလိုက် ဤစနစ်ကိုပိုမိုအသုံးပြုရန် လိုအပ်မည်ဖြစ်ပြီး အသုံးပြုမည့်ဝန်ထမ်းပေါင်း (၇၀၀) ခန့်ရှိမည်ဟု မျှော်မှန်းထားပါသည်။

(ခ) အောက်ပါစာမျက်နှာများတွင် ဤစနစ်ကို အသုံးပြုမည့်သူဦးရေနှင့် ထိုသူများမည်သည့်နေရာများတွင် တည်ရှိကြောင်း ဖော်ပြထားသည့် ဇယားနှစ်ခုပါရှိသည်-

**ဇယား (1) လူမှုဖူလုံရေးအဖွဲ့၏ ဖွဲ့စည်းပုံအရစနစ်ကို တိုက်ရိုက်အသုံးပြုမည့်သူများ**

| ဌာနများ | နေရာအရေအတွက် | နေရာတစ်ခုစီရှိစနစ်သစ်ကို အသုံးပြုမည့် ပျှမ်းမျှသုံးစွဲသူအရေအတွက် (အနည်းဆုံး မှ အများဆုံး) | လူမှုဖူလုံရေးအဖွဲ့ရှိ သုံးစွဲသူဦးရေစုစုပေါင်း (ခန့်မှန်း) |
|---|---|---|---|
| နေပြည်တော်ရှိလူမှုဖူလုံရေးရုံးချုပ် (ဌာနများအားလုံးပါဝင်သည်) | ၁ | ၄၀၀ | ၄၀၀ |
| လူမှုဖူလုံရေးအဖွဲ့၏တိုင်းဒေသကြီးနှင့် ပြည်နယ်/ ခရိုင် လူမှုဖူလုံရေးရုံးများ | ၂၄ | ၁၀ | ၂၄၀ |
| လူမှုဖူလုံရေးအဖွဲ့မြို့နယ်ရုံးများ | ၇၈ | ၅ မှ ၃၀ | ၄၅၀ |
| အလုပ်သမားဆေးရုံကြီးများ | ၃ | ၁၈၅ | ၅၅၅ |
| လူမှုဖူလုံရေးအဖွဲ့ဆေးခန်းများ | ၉၆ | ၂ မှ ၁၀ | ၃၀၀ |
| ဌာနကြီးဆေးခန်းများ | ၅၈ | ၂ မှ ၁၀ | ၁၂၀ |

| | | | |
|---|---|---|---|
| ဆေးဝါးထောက်ပံ့ဖြည့်ဆည်းပေးမည့် အဖွဲ့အစည်း | ၁၃၆ | ၃ | ၄၂၀ |

**၁.၃.၂။** ဌာနပြင်ပမှ အသုံးပြုမည့်သူများ အရေအတွက်

(က) ဤစနစ်ကို တစ်နိုင်ငံလုံးတွင် ဌာနပြင်ပမှ အသုံးပြုမည်ဟု ရည်မှန်းထားသူ အရေအတွက်မှာ အောက်ပါ အတိုင်းဖြစ်သည်- (ရည်မှန်းထားသူဆိုသည်မှာ 'ဖြေရှင်းချက်'ကို ဖော်ဆောင်ပြီး၍ အပြည့်အဝ လည်ပတ်နေသည့် အချိန်တွင် သုံးစွဲမည့်သူ အရေအတွက်ကို ဆိုလိုသည်။)

ခန့်မှန်းတွက်ချက်ထားသည့် အလုပ်ရှင်ဦးရေစုစုပေါင်း

(၁) ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အလုပ်ရှင်/စီးပွားရေး လုပ်ငန်းပေါင်း (၃၄,၀၀၀) ခန့်၊

(၂) နောင်လာမည့် (၃) နှစ်တွင် အလုပ်ရှင်/စီးပွားရေး လုပ်ငန်းပေါင်း (၄၀,၀၀၀) ခန့်၊

(၃) (၁၀) နှစ်ကြာတွင် အလုပ်ရှင် / စီးပွားရေး လုပ်ငန်းပေါင်း (၆၀,၀၀၀) ခန့်။

**ဇယား (2) ဌာနပြင်ပရှိ တိုက်ရိုက်အသုံးပြုမည့်သူများ (ကိုးကား-လူမှုဖူလုံရေးအဖွဲ့)**

| **အဖွဲ့အစည်း** | **အဖွဲ့ အရေ အတွက်** | **နေရာတစ်ခုစီရှိ စနစ်သစ်ကို အသုံးပြုမည့် ပျှမ်းမျှသုံးစွဲသူအရေအတွက် (အနည်းဆုံးမှ အများဆုံး)** | **စုစုပေါင်းအသုံးပြုမည့်သူ အရေအတွက် (ခန့်မှန်းခြေ)** |
|---|---|---|---|
| လုပ်ငန်းရှင်များ (၎င်းတို့၏ အလုပ်သမား စာရင်း ကို အချိန်နှင့်တစ်ပြေးညီ ဖြည့်စွက် ရန်နှင့် စီမံရန် ဤစနစ်ကို အသုံးပြုရန် လိုအပ်မည်) | လက်ရှိတွင် ၃၀၀၀၀ မှ အနာဂတ် တွင် ၆၀၀၀၀ အထိ (တစ်နိုင်ငံလုံး) | ၂ မှ ၂၀ | ၆၀,၀၀၀ (အပြည့်အဝဖော်ဆောင်ပြီးချိန်တွင်) |
| အလုပ်သမားဝန်ကြီးဌာန | ၇၀ | ၅ | ၃၅၀ |
| လူမှုဖူလုံရေးအဖွဲ့၏ အကျိုးခံစားခွင့်ရှိသူ များ (လက်ကိုင်ဖုန်း mobile App ၏ web portal မှ တစ်ဆင့်) | တစ်နိုင်ငံလုံး | - | ၂,၅၀၀,၀၀၀ (အပြည့်အဝဖော်ဆောင်ပြီးချိန်တွင်) |
| ပြည်သူ့ဆေးရုံများ | ၁၀၀ | ၅ မှ ၁၀၀ | ၁၀,၀၀၀ |
| လူမှုဖူလုံရေးအဖွဲ့နှင့်သဘောတူ စာချုပ် ချုပ်ဆိုထားသော ဆေးရုံ/ ဆေးခန်းများ | ၅၀ | ၂ မှ ၁၀ | ၅၀၀ |

**၁.၃.၃။ အသုံးပြုမည့်သူအရေအတွက်စုစုပေါင်း**

(က) နေ့တစ်နေ့၏ ဝင်ရောက်သုံးစွဲသူအများဆုံးအချိန်တွင် လူမှုဖူလုံရေးအဖွဲ့၏ ဝန်ထမ်းများ၊ စနစ်ကို အသုံးပြုမည့် အလုပ်ရှင်၊ အလုပ်သမားများနှင့် အကျိုးခံစားခွင့်ရှိသူများ ပေါင်းလျှင်တစ်ရက် အသုံးပြုသူဦးရေ (၁၀၀,၀၀၀) နီးပါးရှိမည်ဟု ခန့်မှန်းထားပါသည်။

(ခ) အလုပ်ရှင်များကလည်း အချက်အလက်များကို ပုံမှန်ဖြည့်သွင်းရန် အထူးသဖြင့် ထည့်ဝင်ကြေးပေးဆောင်ရသည့် ရက်များတွင် ဤစနစ်ကို ပုံမှန်အသုံးပြုမည့် အလုပ်ရှင်ပေါင်း (၂၀,၀၀၀) ကျော်ရှိမည်ဟုခန့်မှန်းသည်။

**၁.၃.၄။ ID ကတ်ပမာဏနှင့်အရေအတွက်**

(က) အာမခံအလုပ်သမားအရေအတွက်စုစုပေါင်း

(၁)　၂၀၂၂-၂၀၂၃ နှစ်အတွက် တစ်သိန်းနှင့်နှစ်သောင်းခန့်

(၂)　နောင်လာမည့် (၃) နှစ်အတွက် (၃) သန်းကျော်

(၃)　(၁၀) နှစ်အကြာတွင် (၈) သန်းကျော်

(အကျုံးမဝင်သေးသောအစိုးရအရာရှိများ၊ ဝန်ထမ်းများကိုထည့်သွင်းတွက်ချက်မထားပါ။)

(ခ)　အာမခံစိစစ်ရေးကတ်ပြား (Smart Card) ထုတ်ပေးရန် လိုအပ်သည့် အချက်အလက်များအတွက် သိမ်းဆည်းရမည့် ပမာဏကို အောက်ပါအတိုင်းခန့်မှန်းထားပါသည်-

(၁)　အချက်အလက်- အမည်၊ အဘအမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ လူမှုဖူလုံရေးအာမခံစိစစ်ရေးအမှတ်၊ဌာနတွင်းစနစ်မှနံပါတ်၊ လက်ဗွေရာ(၂)ခု အတွက်နံပါတ်များ (လက်ဗွေရာ စတင်ဖတ်သည့် algorithm မှ ထွက်လာသည့်တွက်ချက်မှု)

(၂)　အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များ (Biometric) ကို ISO, ICAO standard များ နှင့်အညီ ရယူသွားရန် စီစဉ်ထားသည်။

(၃)　ဓါတ်ပုံ (jpg)၊ လက်ဗွေရာနှင့် အခြားကိုယ်ရေးအချက်အလက်များကို (Biometric) သိမ်းဆည်း နိုင်ရန်အတွက် အလုပ်သမားတစ်ဦးလျှင် အများဆုံး 1 Megabyte ဝန်းကျင် ခန့်မှန်းထားပါသည်။

Social Security Board

## ၂။ လိုအပ်ချက်များ အကြောင်းအကြမ်းဖျင်း ဖော်ပြချက်

### ၂.၁။ 'ဖြေရှင်းချက်' အကြောင်း ယေဘုယျအကျဉ်းချုံး ဖော်ပြခြင်း

(က) လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များနှင့်အညီ အာမခံစနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့် ဘက်စုံပါဝင်သည့် သတင်းအချက်အလက် 'ဖြေရှင်းချက်' စနစ်တစ်ခုကို တည်ဆောက်လျက်ရှိပါသည်။ လူမှုဖူလုံရေးအဖွဲ့၏ ပင်မလုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များသည် ထူးခြားပြီး အချိန်နှင့်အမျှ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်သဘောရှိရာ လုပ်ငန်းအရင်း အမြစ် စီမံခန့်ခွဲရေးစနစ်ဖြစ်သော Enterprise Resource Planning System (ERP) (သို့မဟုတ်) အသုံးပြုသူဝန်ဆောင်မှု စီမံခန့်ခွဲရေးစနစ် ဖြစ်သော Customer Relation Management System (CRM) တို့ကဲ့သို့သော <u>အသင့်သုံးစနစ်များကိုဝယ်ယူခြင်းမပြုရန်</u> လူမှုဖူလုံရေးအဖွဲ့က ဆုံးဖြတ်ထားသည်။ စာရင်းကိုင်နည်းစနစ်၊ လူ့စွမ်း အားအရင်း အမြစ်စီမံခန့်ခွဲရေး၊ အဆောက်အဦနှင့် ရုံးသုံးပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဆေးရုံစီမံခန့်ခွဲရေးစနစ်များ အတွက်သာလျှင် အသင့်သုံးဆော့ဖ်ဝဲ (Software) များကို ဝယ်ယူသုံးစွဲသွားရန် စီစဉ်ထားသည်။

(ခ) ဤ'ဖြေရှင်းချက်'စနစ်ကို Web နှင့် Mobile အခြေပြုဟူ၍ (၂) မျိုး ရေးဆွဲသွားပါမည်။ ဤစနစ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ e-Government Data Center(S-12) တွင်တပ်ဆင်ထားသည့် လူမှုဖူလုံရေးအဖွဲ့၏ ဗဟိုဒေတာဌာန (Centralized Data Center) ကို အခြေတည်ပြီး virtualized infrastructure ကို အသုံးပြု၍ လည်ပတ်သွားပါမည်။ လုံခြုံရေးနှင့် လျှို့ဝှက်သိမ်းဆည်းရမည့် အချက်အလက်များကြောင့် <u>cloud hosting service အသုံးပြုခြင်းများကို လက်ခံဆောင်ရွက်ခြင်းမပြုပါ။</u>

(ဂ) Microsoft Platform (Microsoft .NET, IIS Server, MS-SQL DB၊ MS-SQL Server ၊ Mobile apps for Android/iOS) ပေါ်တွင် အခြေခံထားသော အသုံးပြုသူလိုအပ်ချက်အတိုင်း အသစ်ရေးဆွဲထားသည့် application ဖြင့် ပင်မလုပ်ငန်းစဉ် အားလုံးကို အထောက်အပံ့ပေးနိုင်ရန်စီစဉ်ထားရှိပါသည်။ လုပ်ငန်းလည်ပတ်မှု၊ စီမံခန့်ခွဲမှုနှင့် business indicator ဆိုင်ရာအစီရင်ခံစာများ ထုတ်ပေးနိုင်မည့် Business Intelligence (BI) application သို့မဟုတ် Data Warehouse တစ်ခုခုအတွက် လိုအပ်သည့် ETL (Extract-Transform-Load) အတွက် source အား Operational Database မှ ရယူဆောင်ရွက်ပါမည်။

(ဃ) ဤ 'ဖြေရှင်းချက်'တွင် လူမှုဖူလုံရေးအာမခံထားရှိသည့် အလုပ်သမားများနှင့် အကျိုးခံစားခွင့်ရှိသူများ အားလုံးကို ဓါတ်ပုံ၊ လက်ဗွေရာများကဲ့သို့ ဇီဝအချက်အလက်များနှင့် Microprocessoer chip နှင့် ဘားကုတ်တို့ ပါဝင်သည့် လူမှုဖူလုံရေး အာမခံစိစစ်ရေးကတ်များ (smart ID card) ထုတ်ပေးသွားပါမည်။ အာမခံစိစစ်ရေးကတ်ပြားများကို နေပြည်တော်တွင် အဓိက ရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်ပြီး စီမံကိန်းကာလပြီးဆုံးပြီး နောက်ပိုင်းကာလများတွင် ရန်ကုန်၊ မန္တလေး ကဲ့သို့သော အာမခံအလုပ်သမားဦးရေများပြားသည့် မြို့ကြီးများတွင် အာမခံစိစစ်ရေးကတ်ပြားများကို ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် နည်းပညာလိုအပ်ချက်များကိုလည်း စဉ်းစားဆောင်ရွက် ထားရှိပါသည်။

(င) ထည့်ဝင်ကြေးများ ကောက်ခံခြင်းနှင့် အကျိုးခံစားခွင့်များပေးအပ်နိုင်ရန် တည်ဆောက်မည့် application အား မြန်မာနိုင်ငံအတွင်း လက်ရှိလုပ်ဆောင်လျက်ရှိသော e-Money/e-Banking ဝန်ဆောင်မှုများဖြင့် ချိတ်ဆက်သွားပါမည်။ အချို့အခြေအနေများတွင် လက်ငင်းငွေသားထုတ်ယူရန် လိုအပ်နေသေးသည့်အတွက် ဤ application အနေဖြင့် လက်ငင်း ငွေသားလွှဲပြောင်းခြင်း ဝန်ဆောင်မှုများပေးရန်လည်း လိုအပ်သည်။

(စ) ဤစနစ်ကိုရေးဆွဲရာတွင် «Event driven architecture- ကိစ္စရပ်ကို အခြေခံသည့် တည်ဆောက်ပုံနည်း စနစ်» ဟူသည့် အယူအဆအပေါ်အခြေခံ၍တည်ဆောက်သွားပါမည်။ ကိစ္စရပ်များ(Events) သည် လူမှုဖူလုံရေး ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ ပင်မလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များအရ ဖြစ်ပေါ်လာသည့် လိုအပ်ချက်များအားလုံးနှင့် သက်ဆိုင်ပါသည်။ ကိစ္စရပ်များ(Events) ကို အလိုအလျောက်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ် စေ (သို့မဟုတ်) နှစ်မျိုးရောစပ်၍ ဖြစ်စေ လုပ်ဆောင်နိုင်သည်။ 'လုပ်ငန်းစဉ်တစ်ခု'ဟု ဆိုရာတွင် ကိစ္စရပ် (Event) တစ်ခု အတွက် ရလဒ်များ ထွက်ပေါ်လာစေရန် အချက်အလက်များကို ရှာဖွေခြင်း၊ ပြောင်းလဲခြင်း၊ အတည်ပြုခြင်းနှင့် သိမ်းဆည်းခြင်းအစရှိသည့် အလိုအလျောက်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆောင်ရွက်ရသည့် အဆင့်များအားလုံး ပါဝင်သည်။ ဤနည်းလမ်းကို အသုံးပြုပါက အကျိုးခံစားခွင့်များ ပြန်လည်တွက်ချက်ခြင်းနှင့် database ပြန်လည် တည်ဆောက်ရန် လိုအပ်ခဲ့လျှင် သို့မဟုတ် စာရင်းစစ်ဆေးရာတွင် လွယ်ကူသက်သာစေသည်။ ကိစ္စရပ်တစ်ခုချင်းစီ အပေါ်မူတည်၍ အကျိုးခံစားခွင့်များကို အချိန်ကာလအလိုက် ပြန်လည်တွက်ချက်သွားပါမည်။ Database မပြည့်စုံမှုကြောင့်ဖြစ်သော နောက်ကြောင်းပြန် တွက်ချက်ရမှုများကို ကိစ္စရပ် အခြေပြု စနစ်တွင် လွယ်ကူစွာတွက်ချက်နိုင်ရန် စီစဉ်ထားရှိပါသည်။

(ဆ) ရေးဆွဲတည်ဆောက်မည့် Application သည် အောက်ပါအဓိကလုပ်ငန်းစဉ်များကို ထောက်ပံ့ပေးနိုင်ရန် စီစဉ်ထားရှိ

Social Security Board

ပါသည်-

(၁) အလုပ်ရှင် မှတ်ပုံတင်ခြင်း

(၂) အလုပ်သမားများနှင့်အကျိုးခံစားခွင့်ရှိသူများ သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်း

(၃) ထည့်ဝင်ကြေးကောက်ခံခြင်း

(၄) အကျိုးခံစားခွင့် လျှောက်ထားခြင်း

(၅) အကျိုးခံစားခွင့်ပေးအပ်ခြင်း

(၆) ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ခြင်း

(၇) ဆက်လက်အကောင်အထည်ဖော်မည့် လူမှုဖူလုံရေးအာမခံအစီအစဉ်များ နှင့်

(၈) အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် အာမခံစနစ်များ၊ အခြားဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် လူမှုရေးရာအစီအစဉ်များ

(ဇ) 'ဖြေရှင်းချက်' တစ်ခုလုံးတွင်အောက်ပါ software package များတည်ဆောက်ခြင်းလည်းပါဝင်ပါသည်-

(၁) လူမှုဖူလုံရေးအဖွဲ့၏စာရင်းကိုင်နှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းစနစ်

(၂) အလုပ်သမားဆေးရုံ စီမံခန့်ခွဲရေးစနစ်

(၃) လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးစနစ်

(၄) အဆောက်အဦနှင့် ရုံးသုံးစက်ပစ္စည်းကိရိယာများ ပြင်ဆင်ထိန်းသိမ်းရေးစနစ်

(ဈ) လူမှုဖူလုံရေးအဖွဲ့၏ IT ဝန်ထမ်းများအား အောက်ပါနည်းပညာများအားလုံးကို လေ့ကျင့်သင်ကြားပေးသွားပါမည်။ ၎င်းတို့မှာ-

(၁) The Microsoft.NET platform

(၂) The Android platform

(၃) Software packages များအားလုံး အသုံးပြုလည်ပတ်ခြင်း၊

(၄) Data center နှင့် Telecommunication Infrastructure များချိတ်ဆက်တပ်ဆင်ခြင်း၊

(၅) Card Printing လုပ်ငန်းလည်ပတ်ခြင်း၊

(ည) သင်တန်းပေးခြင်း၏ ရည်ရွယ်ချက်မှာ လူမှုဖူလုံရေးအဖွဲ့၏ IT ဝန်ထမ်းများ မိမိဘာသာရပ်တည်နိုင်အောင် လေ့ကျင့်ပေးရန်ဖြစ်သည်။ လုပ်ငန်းပြီးစီးသည့်အခါ IT ဝန်ထမ်းများသည် ဤစနစ်ကို မိမိဘာသာပြုပြင် ထိန်းသိမ်း နိုင်ပြီး အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လိုအပ်မှုများအလိုက် တိုးတက်အောင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ၂.၂။ မြန်မာဘာသာစကား

(က) စီမံကိန်းနှင့်ဆိုင်သော တရားဝင်ဆက်သွယ်ပြောဆိုပေးပို့မှုများ၊စာချုပ်စာတမ်းဆိုင်ရာကိစ္စရပ်များ အားလုံး အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဝင်ရုံးသုံး ဘာသာစကားဖြစ်သော မြန်မာစာကို အသုံးပြုပါမည်။ စီမံကိန်း အချိန်မီပြီးစီးနိုင်ရန် <u>အခြားဘာသာများမှ မြန်မာစကားသို့ ဘာသာပြန်ဆိုရန် လိုအပ်လာပါက ထောက်ပံ့ပေးသွင်းသူမှ တာဝန်ယူ လုပ်ဆောင်ပေးရန် စီစဉ်ထားရှိပါသည်။</u>

(ခ) ဆောင်ရွက်မည့်လုပ်ငန်း တစ်ခုလုံးအား <u>မြန်မာဘာသာဖြစ်သာ ရေးဆွဲသွားပါမည်။</u> အသုံးပြုမည့်သူများအား ရည်ရွယ် ဖော်ပြမည့် ညွှန်ကြားချက်များ၊ ခေါင်းစီးများ၊ ကွက်လပ် ဖြည့်စွက်ရန် အညွှန်းစာများ၊ ရွေးချယ်နိုင်သည့် ကိန်းဂဏန်းတန်ဖိုးများ စသည်တို့ကိုလည်း မြန်မာဘာသာစကားဖြင့် ဖော်ပြရမည်။ Operation System သို့မဟုတ် နည်းပညာဆိုင်ရာနှင့် ဆော့ဖ်ဝဲရေး ဆွဲခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများ အတွက် အသုံးပြုထားသည့် software tools များမှ ထုတ်လွှတ်လိုက်သည့် အမှားပြ စာသားများ (Error Messages) ကို အင်္ဂလိပ်ဘာသာ ဖြင့် ဖော်ပြနိုင်ရန် စီစဉ်ထားရှိပါသည်။

(ဂ) ဤစနစ်အတွက် အသုံးပြုမည့် စကားလုံးများသည် မြန်မာ ဘာသာစကားအတွက် စံသတ်မှတ်ထားသော ယူနီကုတ် စကားလုံးများကို အခြေခံ အသုံးပြုမည်ဖြစ်ပါသည်။

## ၂.၃။ စီမံကိန်းရေးဆွဲခြင်း

(က) ဤစီမံကိန်းတွင် အဆင့် (၃) ဆင့်ရှိပြီး အချိန်ကာလအားဖြင့် (၃)နှစ် ကြာမြင့်မည်ဖြစ်သည်။ ဤတင်ဒါ လမ်းညွှန်သည် အဆိုပါအဆင့်များအနက်မှ လုပ်ငန်းစဉ်တစ်ခုအနေဖြင့်အပါအဝင် ဖြစ်ပါသည်။ ယခုနှစ်တွင် SSB Information System၊ လုပ်ငန်းဒုတိယအဆင့်၏ Lot(1) အနေဖြင့် Telecommunication Infrastructure ချိတ်ဆက် တပ်ဆင်ခြင်းအား ဆောင်ရွက်နိုင်

Social Security Board

ရန် **နောက်ဆက်တွဲ(က)၊ ပေးအပ်ရမည့်လုပ်ငန်းများစာရင်း** တွင် ဖော်ပြထားသည့် Hardware များနှင့် လိုင်စင်များအားလုံးအား **နောက်ဆက်တွဲ(ခ)၊ လုပ်ငန်းဆောင်ရွက်ပေးရမည့် လူမှုဖူလုံရေးအဖွဲ့၏ တည်နေရာ(၃၀)** သို့ အရောက်ပေးပို့ပြီး၊ Telecommunication Infrastructure များ တည်ဆောက်တပ်ဆင်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်း၊ **နောက်ဆက်တွဲ(စ)** နှင့် **နောက်ဆက်တွဲ(ဆ)** ပါ လိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများအားလုံးအား ဆောင်ရွက်ပြီးစီး၍ လူမှုဖူလုံရေးအဖွဲ့သို့ လွှဲပြောင်းပေးခြင်း နှင့် Maintenance and Operation လုပ်ငန်းများအား အောက်ပါအတိုင်း သတ်မှတ်ပါသည်-

**ဇယား (3)-လုပ်ငန်းဆောင်ရွက်ပြီးစီးရမည့်အချိန်ကာလ**

| **စဉ်** | **လုပ်ငန်းအမျိုးအစား** | **ဆောင်ရွက်ပေးရမည့် လုပ်ငန်းများ** | **ဆောင်ရွက်ပြီးစီးရမည့်နေ့ရက်** | **Guarantee, Operation & Maintenance ကာလ** |
|---|---|---|---|---|
| ၁။ | Telecommunication Infrastructure ချိတ်ဆက် တပ်ဆင် ခြင်း (၃၀ ရုံး) | **နောက်ဆက်တွဲ(က)၊နောက်ဆက်တွဲ (စ) နှင့် နောက်ဆက်တွဲ(ဆ)** တို့တွင် ဖော်ပြထားသည့် Deliverable များ အရ ဆောင်ရွက်ပေးရပါမည်။ | ၃၁-၃-၂၀၂၄ ရက်နေ့ အပြီး အပ်နှံဆောင်ရွက်ပေးရပါမည်။ | လုပ်ငန်းများအပ်နှံပြီးစီး၍ စတင်လည်ပတ်အသုံးပြုသည့် အချိန်မှစ၍ (၁) နှစ်အထိ |

Social Security Board

## ၃။ စီမံကိန်းအား စီမံခန့်ခွဲခြင်း (Project Management)

(က) ထောက်ပံ့ပေးသွင်းသူသည် ဤအခန်းတွင် ဖော်ပြထားသည့် လူမှုဖူလုံရေးအဖွဲ့၏ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့များကို ထည့်သွင်းစဉ်းစား၍ ၎င်းအနေဖြင့် ဆောင်ရွက်ရမည့် တာဝန်များနှင့် ပြီးစီးပေးအပ်ရမည့် လုပ်ငန်းများအားလုံးကို စီစဉ်ဆောင်ရွက်ရပါမည်။

(ခ) ထောက်ပံ့ပေးသွင်းသူသည် ပြီးစီးရန်ရှိသည့် လုပ်ငန်းများကို မိမိဘာသာဦးစီးလုပ်ကိုင်ရန် တာဝန်ရှိပြီး လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် စီမံကိန်းမန်နေဂျာသို့ ပုံမှန်အစီရင်ခံ တင်ပြရမည်။ ထောက်ပံ့ပေးသွင်းသူသည် စီမံကိန်းအစီရင်ခံစာကို အပတ်စဉ် ရေးသားတင်ပြရန် လိုအပ်ပြီး အပတ်စဉ်ကျင်းပမည့် စီမံကိန်း လေ့လာသုံးသပ်ရေး အစည်းအဝေးပွဲများကိုလည်း လူမှုဖူလုံရေးအဖွဲ့၏ စီမံကိန်းမန်နေဂျာနှင့်အတူ တက်ရောက်ရမည်။ ထို့အပြင် လူမှုဖူလုံရေးစီမံကိန်း ဦးဆောင်ကော်မတီက ဦးစီးကျင်းပမည့် စီမံကိန်းသုံးသပ်ရေး အစည်းအဝေးများလည်း လစဉ်ရှိပါမည်။ ထောက်ပံ့ပေးသွင်းသူအနေဖြင့် ထိုအစည်းအဝေးပွဲအချို့ကို လိုအပ်လျှင် တက်ရောက်ရပါမည်။

(ဂ) 'ဖြေရှင်းချက်' ကို အကောင်အထည်ဖော်နေစဉ် ကာလအတွင်း ထောက်ပံ့ပေးသွင်းသူသည် စီမံကိန်းအတွက် တာဝန်ပေးထားသည့် လူမှုဖူလုံရေးအဖွဲ့ဝန်ထမ်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရပါမည်။

**ပုံ (1) – လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ် စီမံကိန်း စီမံခန့်ခွဲမည့် ဖွဲ့စည်းပုံ**




### ၃.၁။ စီမံကိန်း စီမံခန့်ခွဲရေးလုပ်ငန်းစဉ်အချုပ်

### ၃.၁.၁။ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းစဉ်

(က) စီမံကိန်းကို အဆင့်များခွဲ၍ စီမံခန့်ခွဲသွားပါမည်။ ဦးဆောင်ကော်မတီသည် လူမှုဖူလုံရေးအဖွဲ့နှင့် အခြားသော stakeholder များ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် စီမံကိန်း၏ ရည်ရွယ်ချက်များအတိုင်း လမ်းညွှန်ပေးမည်။ ဦးဆောင်ကော်မတီသည် အစည်းအဝေးတစ်လ (၁) ကြိမ် ကျင်းပပါမည်။ အစည်းအဝေးတွင် လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ် စီမံကိန်းမန်နေဂျာ၏ အကြံပြုချက်များနှင့်အတူ ပြီးစီးရမည့်လုပ်ငန်းများကို အတည်ပြုပေးပါမည်။ ဦးဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်များသည်သာလျှင် အတည်ဖြစ်သည်။

(ခ) စီမံကိန်း၏ လုပ်ငန်းတာဝန်များနှင့် ပြီးစီးရမည့်လုပ်ငန်းများကို လေ့လာစောင့်ကြည့်ရန် လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ် စီမံကိန်းမန်နေဂျာနှင့် ထောက်ပံ့ပေးသွင်းသူဘက်မှ စီမံကိန်းမန်နေဂျာသည် စီမံကိန်း-စီမံခန့်ခွဲရေး အစည်းအဝေးကို အပတ်စဉ်ပြုလုပ်ရပါမည်။ လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် စီမံကိန်းမန်နေဂျာနှင့် ထောက်ပံ့ပေးသွင်းသူဘက် မှ စီမံကိန်းမန်နေဂျာတို့သည် ပေါ်ပေါက်လာသော ပြဿနာများကို မှတ်တမ်းတင်၍ ထိုပြဿနာများကို ဖြေရှင်းရန် ဆုံးဖြတ်ချက်များ ချမှတ်ပေးရမည်။

(ဂ) စိတ်ဝင်စားဖွယ်ကောင်းသော စီမံကိန်းစောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်ဖြစ်စေရန် စီမံကိန်း-စီမံခန့်ခွဲရေး အစည်းအဝေးများကို တိုတိုနှင့်လိုရင်းသာ ကျင်းပရမည်။ အသေးစိတ်ဆွေးနွေးရန် (သို့မဟုတ်) အခြားကိစ္စရပ်များရှိ၍ ရှင်းလင်း

Social Security Board

ပြောဆိုရန် လိုအပ်ပါက သက်ဆိုင်သူများသာပါဝင်သည့် သီးခြားအစည်းအဝေး ပြုလုပ်ရမည်။

(ဃ) ထောက်ပံ့ပေးသွင်းသူအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ နည်းပညာအဖွဲ့၊ ရေးဆွဲတည်ဆောက်ရေးအဖွဲ့များ၊ အသုံးပြုသူကိုယ်စားပြုအဖွဲ့၊ လုပ်ငန်းစတင်အသုံးပြုနိုင်ရေးနှင့် အပြောင်းအလဲစီမံခန့်ခွဲရေးအဖွဲ့တို့နှင့်အတူ အနီးကပ်လုပ်ဆောင်ရမည်။ သို့မှသာ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်သည် အဆင်ပြေ ချောမွေ့ပြီး၊ ဆောင်ရွက်ပေးအပ်ရမည့် လုပ်ငန်းများ အားလုံးပြီးစီးအောင်မြင်နိုင်မည်ဖြစ်သည်။

### ၃.၁.၂။ ပေးအပ်ရမည့်လုပ်ငန်းများကို ပြီးစီးကြောင်း အတည်ပြုသည့်လုပ်ငန်းစဉ်

(က) ဤစီမံကိန်းသည် ပေးအပ်ရမည့်လုပ်ငန်းတစ်ခုချင်းစီ၏ ပြီးစီးမှုအလိုက် ငွေပေးချေမည့် ပုံသေဈေးနှုန်း သတ်မှတ်ထားသော စီမံကိန်းတစ်ခုဖြစ်သည်။ ပေးအပ်ရမည့် လုပ်ငန်းများပြီးစီးသွားကြောင်း လူမှုဖူလုံရေးအဖွဲ့၏ ဦးဆောင်ကော်မတီမှ အပြီးသတ်အတည်ပြုပြီးလျှင် ငွေပေးချေပါမည်။ အတည်ပြုချက်ရမှသာလျှင် ပြီးစီးသွားသည့် လုပ်ငန်းတစ်ခုအတွက် ထောက်ပံ့ပေးသွင်းသူဘက်မှ ငွေတောင်းခံလွှာပေးပို့ရပါမည်။ စီမံကိန်း၏ ပေးအပ်ရမည့် လုပ်ငန်းများပြီးစီးကြောင်း အတည်ပြုရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်ကို အောက်ပါပုံတွင်ဖော်ပြထားသည်-




ပုံ **(2) – ပေးအပ်ရမည့် လုပ်ငန်းများ ပြီးစီးကြောင်း အတည်ပြုရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်**

### ၃.၂။ ဆောင်ရွက်ပေးအပ်ရမည့် နည်းလမ်း

(က) ထောက်ပံ့ပေးသွင်းသူသည် အဆုံးသတ်တွင်ပေါင်းစပ်လိုက်ပါက 'ဖြေရှင်းချက်' စနစ်တစ်ခုဖြစ်လာမည့် ပေးအပ်ရမည့် လုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ 'ဖြေရှင်းချက်' စနစ်ကို ဖော်ဆောင်ရာတွင် ပေးအပ်ရမည့်လုပ်ငန်းများကို အုပ်စုဖွဲ့၍ ဆောင်ရွက်ရန် စီစဉ်ထားသည်။ ပေးအပ်ရမည့် လုပ်ငန်းတစ်ခုဆိုသည်မှာ **နောက်ဆက်တွဲ(က)**၊ **နောက်ဆက်တွဲ(စ)** နှင့် **နောက်ဆက်တွဲ(ဆ)** တို့ တွင် ဖော်ပြထားသည့် လူမှုဖူလုံရေးအဖွဲ့ထံသို့ ပေးအပ်ရမည့် အပြီးသတ်လုပ်ငန်းသို့မဟုတ် အစိတ်အပိုင်းတစ်ခုကို ဆိုလိုသည်။ လူမှုဖူလုံရေးအဖွဲ့မှ အသုံးပြုသူကိုယ်စားပြုအဖွဲ့နှင့် လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် စီမံကိန်း မန်နေဂျာ၏ ထောက်ခံချက်ဖြင့် ဦးဆောင်ကော်မတီမှ ဤပေးအပ်ရမည့် လုပ်ငန်းတစ်ခုချင်းစီကို အတည်ပြုပေးရမည်။

Social Security Board

(ခ)	Lot အမှတ်စဉ် (၁): Telecommunication infrastructure များ တပ်ဆင်ခြင်းအတွက် အောက်ပါပေးအပ်ရ မည့်လုပ်ငန် များ အရ ဆောင်ရွက်ရပါမည်-

**၃.၂.၁။	အခြေခံအဆောက်အအုံ အစိတ်အပိုင်းများ တပ်ဆင်ခြင်းနှင့် စတင်အသုံးပြုနိုင်ရန်ဆောင်ရွက်ခြင်း**

(က)	Telecommunication Infrastructure အတွက် အစိတ်အပိုင်းများ အစရှိသည့် အခြေခံအဆောက်အအုံ နှင့် ပတ်သက်သော ပေးအပ်ရမည့် လုပ်ငန်းများလုပ်ဆောင်ရန် အစီအစဉ်များ၊ အခြေခံအဆောက်အအုံတွင် ပါဝင်မည့် အစိတ်အပိုင်းများ အားလုံးအကြောင်း၊ ၎င်းတို့ အချင်းချင်း ချိတ်ဆက်ထားခြင်း၊ အခြားသောစနစ် သို့မဟုတ် အခြားအခြေခံအဆောက်အအုံများဖြင့် ချိတ်ဆက်မှုရှိပုံကို ထောက်ပံ့ပေးသွင်းသူမှ ရေးဆွဲထားရမည်။ ထိုရေးဆွဲမည့်အစီအစဉ်ထဲတွင် လုပ်ငန်းအတွက် လိုအပ်မည့် လူသားအရင်းအမြစ်များ၊ လူမှုဖူလုံရေးအဖွဲ့မှ ဆောင်ရွက်ပေးရန်လိုအပ်မည့် လုပ်ငန်းများ (သို့မဟုတ်) ဆုံးဖြတ်ချက်များ၊ထောက်ပံ့ဖြည့်ဆည်းရေး လိုအပ်ချက်များအားလုံးနှင့် ကန့်သတ်ထားသည့်နေရာများသို့ ဝင်ရောက်ဆောင်ရွက်ရန် လိုအပ်နိုင်မှုများအတွက် ခွင့်ပြုမိန့်များ၊ ပါမစ်များတောင်းခံရန် စသည်တို့ ပါဝင်ရမည်။

(ခ)	အစီအစဉ်နှင့် ဒီဇိုင်းပုံစံကို လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် စီမံကိန်းမန်နေဂျာ၏ ထောက်ခံချက်ဖြင့် ဦးဆောင်ကော်မတီထံမှ အတည်ပြုချက်ရရှိပါက ထောက်ပံ့ပေးသွင်းသူသည် အခြေခံအဆောက် အအုံအစိတ်အပိုင်းများကို တပ်ဆင်ပြီး သင့်လျော်သော ပြင်ဆင်မှုများကို ဆောင်ရွက်ပေးရမည်။ နည်းပညာပိုင်း ဆိုင်ရာ (Implementation and Configuration) setting များနှင့်ပတ်သက်သည့် မှတ်တမ်းများ ပြုစုထားပြီး၊ ပါဝင်သည့် အစိတ်အပိုင်းများအားလုံး၏ အသေးစိတ်စာရင်းကို ပြုစုပေးရမည်။ အခြေခံအဆောက်အအုံ အစိတ် အပိုင်း setting ချခြင်းကို အတည်ပြုချက်ရပါက စတင်အသုံးပြုနိုင်ရန် ထောက်ပံ့ပေးသွင်းသူမှ လုပ်ဆောင်ပေး ရမည်။ စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းတွင် တိုက်ရိုက်လွှင့်တင်မှု (live production) မတိုင်မီ နောက်ဆုံး အဆင့်စမ်းသပ်ခြင်း၊ အမှားပြင်ဆင်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း များနှင့် လူမှုဖူလုံရေး IT ဝန်ထမ်းများနှင့် အသုံးပြု မည့်သူများကို <u>လေ့ကျင့်သင်ကြားပေးခြင်းလည်းပါ ဝင်သည်</u>။ စတင်အသုံးပြုသည့် အဆင့်ပြီးစီးပါက ပြုပြင်ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလကိုစတင်မည်။ အသုံးပြုမည့်နည်းလမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပုံ (3) – အခြေခံအဆောက်အအုံအစိတ်အပိုင်းများ တပ်ဆင်ပေးခြင်းနှင့် စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းနည်းလမ်း**




**၃.၂.၂။	ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းစဉ်**

(က)	နောက်ဆက်တွဲ (က) ပေးအပ်ရမည့်လုပ်ငန်းများစာရင်းတွင် ဖော်ပြထားသည့်အတိုင်း Hardware များ နှင့် လိုင်စင်များအားလုံးအား **နောက်ဆက်တွဲ(ခ)၊ လုပ်ငန်းဆောင်ရွက်ပေးရမည့် လူမှုဖူလုံရေးအဖွဲ့၏ တည်နေရာ (၃၀)** သို့အရောက်ပေးပို့ပြီး၊ Telecommunication Infrastructure များ တည်ဆောက်တပ်ဆင်ခြင်းနှင့် နည်းပညာဆိုင်ရာလေ့ကျင့်သင်ကြားပေးခြင်း လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီး၍ လူမှုဖူလုံရေးအဖွဲ့သို့ **လုပ်ငန်းအားလုံး** လွှဲပြောင်းပြီးသည့် အချိန်မှစတင်၍ **(၁)** နှစ်သတ်မှတ်ပါသည်။ လူမှုဖူလုံရေးအဖွဲ့မှ ပြုပြင်ထိမ်းသိမ်းခြင်းအား ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ပါက ပြုပြင်ထိန်းသိမ်းရေးကာလကို အများဆုံး **(၅)** နှစ် အထိ နှစ်စဉ်သက်တမ်းတိုးနိုင်သည်။

Social Security Board

(ခ) ထောက်ပံ့ပေးသွင်းသူသည် လုပ်ငန်းအတွက်လိုအပ်မည့် အရင်းအမြစ်များနှင့် ထောက်ပံ့ဖြည့်ဆည်းရေး လိုအပ်ချက်များအားလုံးပါဝင်သည့် အသေးစိတ်အစီအစဉ်တစ်ခုကို ရေးဆွဲထားရမည်။ ၎င်းအစီအစဉ်ကိုအခြေခံ၍ ထောက်ပံ့ပေးသွင်းသူသည် ရေးဆွဲတည်ဆောက်မည့် အစိတ်အပိုင်းများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် maintenance document တစ်ခု ရေးသားပြုစုပေးရမည်။ ၎င်းတွင် ဖြစ်ပေါ်လာသော ပြဿနာများအတွက် ဖုန်းခေါ်ဆိုမှုများကို ထောက်ပံ့ပေးသွင်းသူမှ မည်သို့ဖြေကြားပေးမည်ဆိုသည်နှင့် အစိတ်အပိုင်းများတွင် လုပ်ငန်းပိုင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်ခြင်းမှ ကာကွယ်ပေးရန် မည်သို့ စောင့်ကြည့်လေ့လာမည် ဆိုသည်ကို ရှင်းလင်းစွာဖော်ပြထားရမည်။

(ဂ) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်ကို လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် စီမံကိန်းမန်နေဂျာ၏ ထောက်ခံချက်ဖြင့် ဦးဆောင်ကော်မတီထံမှ အတည်ပြုချက်ရပါက ထောက်ပံ့ပေးသွင်းသူသည် ပြုပြင်ထိန်းသိမ်းရေးကာလကို စတင်နိုင်ပါမည်။ တူညီသောအစိတ်အပိုင်းများအတွက် အသုံးပြုမည့်နည်းလမ်းသည် စံသတ်မှတ်ချက်ကို လိုက်နာပါက ထောက်ပံ့ပေးသွင်းသူ အနေဖြင့်မည်သည့်နည်းလမ်းမဆို အသုံးပြုနိုင်သည်။ ထောက်ပံ့ပေးသွင်းသူ၏ helpdesk အဖွဲ့မှ ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စီမံခန့်ခွဲရန် လိုအပ်သည်။

(ဃ) အသုံးပြုမည့်သူများနှင့် helpdesk အဖွဲ့တို့က 'ဖြေရှင်းချက်' ၏အစိတ်အပိုင်းတစ်ခုတိုင်းအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ မည်သို့ဆောင်ရွက်ကြောင်း နားလည်စေရန်အရေးပါသည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ် အကြောင်းဖော်ပြချက်ကို ရေးသားထားရမည်။ ပြုပြင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်မှုတစ်ခုချင်းကို တစ်ဆင့်ချင်း မှတ်တမ်းတင်ထားရမည်။ လစဉ်ပြုပြင်ထိန်းသိမ်းရေး အစီရင်ခံစာကို လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ်၏ စီမံကိန်းမန်နေဂျာထံသို့ တင်ပြရမည်။ <u>ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်မည့် ထောက်ပံ့ပေးသွင်းသူဘက်မှ ဝန်ထမ်းများကို ဆက်သွယ်နိုင်မည့် လိပ်စာ၊ ဖုန်းနံပါတ်၊ email အပြည့်အစုံ</u>ကို လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ်၏ စီမံကိန်းမန်နေဂျာနှင့် helpdesk အဖွဲ့ထံ ပေးအပ်ထားရမည်။ လုပ်ငန်းစဉ်၏ ယေဘုယျမြင်ကွင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပုံ (4) – ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းစဉ်**




### ၃.၂.၃။ လုပ်ငန်းလည်ပတ်ရေးဝန်ဆောင်မှုလုပ်ငန်းစဉ်

(က) လူမှုဖူလုံရေးအဖွဲ့မှ လုပ်ငန်းလည်ပတ်ရေးဝန်ဆောင်မှုလုပ်ငန်းစဉ်အတွက် လိုအပ်ပါက စာချုပ်ချုပ်ဆို၍ ဆောင်ရွက်သွားပါမည်။ ထိုသို့ဆောင်ရွက်ပါက ထောက်ပံ့ပေးသွင်းသူသည် လုပ်ငန်းစဉ်ဆက်မပြတ် လည်ပတ်နိုင်ရေး အတွက် လိုအပ်ချက်များအားလုံးပြင်ဆင်ထားရှိရပါမည်။

(ခ) လူမှုဖူလုံရေးအဖွဲ့မှ 'ဖြေရှင်းချက်'ကို ဆောင်ရွက်ရာတွင် အကူအညီပေးနိုင်ရန် ထောက်ပံ့ပေးသွင်းသူသည် လုပ်ငန်းအတွက်လိုအပ်မည့် အရင်းအမြစ်များနှင့် ထောက်ပံ့ဖြည့်ဆည်းရေး လိုအပ်ချက်များအားလုံးပါဝင်သည့် အသေးစိတ် အစီအစဉ်တစ်ခုကိုရေးဆွဲထားရမည်။ ၎င်းအစီအစဉ်ကို အခြေခံ၍ ထောက်ပံ့ပေးသွင်းသူသည် ပါဝင်မည့် အစိတ်အပိုင်းများ အကြောင်း၊ ၎င်းတို့ကို မည်သို့အသုံးပြုမည့်အကြောင်း နှင့်အစိတ်အပိုင်းများတွင် လုပ်ငန်းပိုင်းဆိုင်ရာ ပြဿနာများဖြစ်ပေါ်ခြင်းမှ ကာကွယ်

Social Security Board

ပေးရန်နှင့် လုပ်ငန်းစဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် လုံခြုံ ရေးဆိုင်ရာ အစီအမံများ ပါဝင်သည့် procedure document တစ်ခု ရေးသားဖော်ပြရမည်။

(ဂ) Data center ၏ အစိတ်အပိုင်းများသည် တစ်ပတ်လျှင် (၇) ရက်၊ တစ်ရက်လျှင် (၂၄) နာရီ လည်ပတ်နိုင်ရမည်။ တူညီသော အစိတ်အပိုင်းများအတွက် အသုံးပြုမည့် နည်းလမ်းသည် စံသတ်မှတ်ချက်ကို လိုက်နာပါက ထောက်ပံ့ပေးသွင်းသူ အနေဖြင့် မည်သည့် နည်းလမ်းမဆို အသုံးပြုနိုင်သည်။

(ဃ) အသုံးပြုမည့်သူများနှင့် helpdesk အဖွဲ့တို့က 'ဖြေရှင်းချက်' ၏ အစိတ်အပိုင်းတစ်ခုတိုင်းအတွက် မည်သို့ ဆောင်ရွက်ကြောင်း နားလည်စေရန် အရေးပါသည့် လုပ်ငန်းလည်ပတ်နိုင်ရေး လုပ်ငန်းစဉ်များကို ရေးသားထားရမည်။

(င) လုပ်ငန်းလည်ပတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်မည့် ထောက်ပံ့ပေးသွင်းသူဘက်မှ ဝန်ထမ်းများကို ဆက်သွယ်နိုင်မည့် လိပ်စာ၊ ဖုန်းနံပါတ်၊ email အပြည့်အစုံကို လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် စီမံကိန်းမန်နေဂျာနှင့် helpdesk အဖွဲ့ထံ ပေးအပ်ထားရမည်။ လုပ်ငန်းစဉ်၏ ယေဘုယျမြင်ကွင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပုံ (5) – လုပ်ငန်းလည်ပတ်ရေး ဝန်ဆောင်မှုလုပ်ငန်းစဉ်**




Social Security Board

## ၄။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ

### ၄.၁။ လူမှုဖူလုံရေးအဖွဲ့၏ အခြေခံအဆောက်အအုံပုံစံ

(က) Microsoft Platform (Microsoft .NET၊ IIS Server, MS mail exchange service, MS-SQL DB၊ MS-SQL Server) နှင့် Android platform ပေါ်တွင် အခြေခံထားသော သီးသန့်ရေးဆွဲထားသည့် application ဖြင့် ပင်မလုပ်ထုံးလုပ်နည်း နှင့် လုပ်ငန်းစဉ်များအားလုံးကို အထောက်အပံ့ပေးရန် စီစဉ်ထားရှိပါသည်။ Business Intelligence (BI) data warehouse အတွက် source သည် operational database ဖြစ်ပြီး ဤစနစ်မှ လုပ်ငန်းလည်ပတ်မှု၊ စီမံခန့်ခွဲမှုနှင့် business indicator ဆိုင်ရာ အစီရင်ခံစာများကိုလည်း ထုတ်ပေးသွားပါမည်။

(ခ) စနစ်သည်ဘဏ်များ (သို့မဟုတ်) အခြားဝန်ကြီးဌာနများ ကဲ့သို့သော ပြင်ပအဖွဲ့အစည်းများနှင့် asynchronous data and file transfer များ ပြုလုပ်နိုင်ရန် အပြန်အလှန် ချိတ်ဆက်ထားပါသည်။ ဖိုင်များကို ပေးပို့သည့်အခါတိုင်း encrypt လုပ်ဆောင်သွားပါမည်။ လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် SSB Information System၊ လုပ်ငန်းပထမအဆင့်၏ Lot အမှတ်စဉ်(၁) Data Center Main Site (Colocation) အနေဖြင့် တင်ဒါခေါ်ယူခဲ့ပြီး e-Government Data Center တွင် Colocation ငှားရမ်း၍ လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီး Maintenance and Opertion လုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါသည်။ အောက်တွင် SSB Data Center ၏အခြေခံအဆောက်အအုံ အကြောင်းဖော်ပြထားပါသည်-

**ပုံ (6) – လူမှုဖူလုံရေးအဖွဲ့ တည်ဆောက်လျက်ရှိသည့် အခြေခံအဆောက်အအုံပုံစံ**




Social Security Board




ပုံ (7) – Data center ၏ High Level design ပုံစံ (as Reference)

### ၄.၂။ လုပ်ငန်းလည်ပတ်ခြင်း/တွက်ချက်ခြင်းနှင့် အချက်အလက်သိုလှောင် သိမ်းဆည်းခြင်းတို့အတွက် အနည်းဆုံး Capacity ပမာဏ လိုအပ်ချက် (Minimal capacity for Process /computing and storage)

(က) လုပ်ငန်းလည်ပတ်ခြင်း/တွက်ချက်ခြင်းနှင့် အချက်အလက် သိုလှောင်သိမ်းဆည်းခြင်းတို့အတွက် အနည်းဆုံး Capacity ပမာဏလိုအပ်ချက်မှာ 6 x CPU clocking at 3.3GHZ supporting each. အဆိုပါ CPU များတွင် RAM memory for a total of 512 GB for a total of 1,536 GB of RAM memory ရှိပါသည်။ Storage capacity ခန့်မှန်းတွက်ချက်မှုမှာ 7x 3.8TB for each (Total storage is 21x 3.8TB because of 3 Servers) ဖြစ်ပါသည်။

### ၄.၃။ ကွန်ရက်ချိတ်ဆက်ဖွဲ့စည်းပုံမူကြမ်း (Telecommunication Infrastructure Design)

(က) လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် SSB Information System၊ လုပ်ငန်းပထမအဆင့်၏ Lot အမှတ်စဉ် (၂) Telecommunication Infrastructure များ ချိတ်ဆက်တပ်ဆင်ခြင်းအနေဖြင့် တင်ဒါခေါ်ယူခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အလုပ်သမားဆေးရုံကြီး(၃)ရုံနှင့် တိုင်းဒေသကြီး/မြို့နယ် ရုံးခွဲ (၂၅) ရုံးတို့တွင် Telecommunication Infrastructure များ ချိတ်ဆက်တပ်ဆင်ခြင်းများနှင့် VPN လိုင်းများအား တပ်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီး Maintenance and Opertion လုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါသည်။ Network Design များအား အောက်တွင်ဖော်ပြထားသည်။ ဤတင်ဒါ လမ်းညွှန်သည် လူမှုဖူလုံရေးအဖွဲ့ရှိ ရုံးခွဲ(၃၀) နေရာ၌ Telecommunication Infrastructure များ ချိတ်ဆက် တပ်ဆင်ခြင်းများအား ဆက်လက်ဆောင်ရွက်နိုင်ရန် SSB Information System၊ လုပ်ငန်းဒုတိယအဆင့်၏ Lot အမှတ်စဉ်(၁) အနေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ဖြစ်ပါသည်-

Social Security




ပုံ (8) – Physical Diagram of HQ Network (as reference)

## ၄.၄။ မိုက်ခရိုဆော့ဖ် ဆော့ဖ်ဝဲလ် (Microsoft software) အခြေခံအဆောက်အအုံနှင့် အခြားဆော့ဖ်ဝဲများ

(က) စနစ်အသစ်ကို Microsoft software platform ကို အသုံးပြု၍ အောက်ပါ products များဖြင့် ရေးဆွဲနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် SSB Information System၊ လုပ်ငန်းပထမအဆင့်၏ Lot အမှတ်စဉ် (၃) အနေဖြင့် အောက်ပါ Microsoft License များအား ဝယ်ယူ၍ Development Environment အတွက် Installation လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီး Maintenance and Opertion လုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါသည်-

- Visual Studio Professional 2019
- MS-SERVER 2019
- Power BI
- MS-SQL database
- ExchgSvrStd 2019 OLP NL Gov
- ExchgStdCAL 2019 OLP NL Gov DvcCAL
- WinSvrCAL 2019 OLP NL Gov UsrCAL
- CISSteDCCore LicSAPk OLP 2Lic NL Gov CoreLic
- SQLSvrEntCore 2019 OLP 2Lic NL Gov CoreLic Qlfd
- VSProSubMSDN LicSAPk OLP NL Gov Qlfd
- VSEntSubMSDN LicSAPk OLP NL Gov Qlfd
- PrjctPro 2019 OLP NL Gov w1PrjctSvrCAL
- WinSrvExtConn LicSAPk OLP NL Gov Qlfd
- VisioPro 2019 OLP NL Gov

## ၄.၅။ Hardware များ

(က) လူမှုဖူလုံရေးအဖွဲ့သည် SSB Information စနစ်ကို အသုံးပြုမည့်သူများနှင့် နည်းပညာဝန်ထမ်းများအတွက် Laptop၊ Desktop ၊Printers စသည့် Hardware များ ကို လည်း နှစ်အလိုက်ဝယ်ယူလျက်ရှိရာ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် အောက်ပါ Hardware များအား ဝယ်ယူထားရှိပြီး ဖြစ်ပါသည်-

- Desktop for Power User, Laptop for Township, Tablet for Office, Printers for all SSB facilities

## ၅။ ဆောင်ရွက်ပြီးစီးရမည့်လုပ်ငန်းများ

(က) **နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသည့် ပေးအပ်ရမည့်လုပ်ငန်းများစာရင်းအရ နောက်ဆက်တွဲ(ခ)၊ တည်နေရာ (၃၀)** တွင်ဆောင်ရွက်ပေးရမည်။ Lot **အမှတ်စဉ်**(၁): Telecommunication Infrastructure များ တပ်ဆင်ခြင်းအတွက် ပေးအပ်ရမည့်လုပ်ငန်းများအားလုံးအား မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ပြီး၊ ပေးအပ်ရမည့်လုပ်ငန်းများအားလုံး၏ လုပ်ငန်း လည်ပတ်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အပါအဝင် အပါအဝင် စုစုပေါင်းကုန်ကျမည့် ဈေးနှုန်းကို **ကုန်သွယ်လုပ်ငန်းခွန် (၅%) အပါအဝင်** အသေးစိတ်တွက်ချက်၍ **နောက်ဆက်တွဲ(ဂ)** ဈေးနှုန်းအဆိုပြုလွှာတွင် လည်းကောင်း၊ လုပ်ငန်းပထမအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Data Center (S12) တွင် တပ်ဆင်ထားသည့် Hardware နှင့် ဆက်စပ်ပစ္စည်းများ အတွက် Software License များ (၁)နှစ်စာသက်တမ်းတိုးခြင်းကို **နောက်ဆက်တွဲ(စ)** ဈေးနှုန်းအဆိုပြုလွှာတွင် လည်းကောင်း၊ Telecommunication Infrastructure များချိတ်ဆက်တပ်ဆင်ထားသည့် စီမံကိန်းအကျုံးဝင် ရုံးချုပ်ဌာနများ၊ ဆေးရုံကြီးများ၊ ရုံးခွဲ(၃၀)တွင် တပ်ဆင်ထားသည့် Hardware နှင့် ဆက်စပ်ပစ္စည်းများအတွက် Software License များ (၁)နှစ်စာ သက်တမ်း တိုးခြင်းကို **နောက်ဆက်တွဲ(ဆ)**ဈေးနှုန်းအဆိုပြုလွှာတွင် လည်းကောင်း အတိအကျဖော်ပြရမည်။

Social Security Board

## ၆။ အဆိုပြုလွှာများ၏ အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်များ

### ၆.၁။ အရည်အသွေး အကဲဖြတ်ချက်ရာခိုင်နှုန်း

(က) အရည်အသွေးအကဲဖြတ်ချက် ရာခိုင်နှုန်းတစ်ခုချင်းစီကို အောက်တွင်ဖော်ပြထားသည်။ အရည်အသွေးပိုင်း အကဲဖြတ်မှုတွင် အနည်းဆုံး **၇၀% (၃၅ မှတ်)** ရရှိမှသာ ဈေးနှုန်းယှဉ်ပြိုင်မည့် အဆင့်သို့ ရောက်ရှိပါမည်။

| စဉ် | အရည်အသွေးအကဲဖြတ်ချက် | ရာခိုင်နှုန်း |
|---|---|---|
| ၁။ | ထောက်ပံ့ပေးသွင်းသူ၏ အရည်အချင်းနှင့် အတွေ့အကြုံ | ၂၀ % |
| ၂။ | ထောက်ပံ့ပေးသွင်းသူ၏ နားလည်သဘောပေါက်မှုနှင့် အသုံးပြုမည့်နည်းလမ်း | ၂၀ % |
| ၃။ | အရေးကြီးသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု | ၄၀ % |
| | **ကျွမ်းကျင်ဝန်ထမ်းများ တင်ပြနိုင်ခြင်း** | |
| ၄။ | အဓိကကျသော ကျွမ်းကျင်ဝန်ထမ်းများ | ၂၀ % |
| | စုစုပေါင်း | ၁၀၀ % |

(ခ) ထောက်ပံ့ပေးသွင်းသူသည် **အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်များ အားလုံးအတွက် ရေးသား တင်ပြရာတွင် နည်းပညာအသုံးအနှုန်းများမှလွဲ၍ လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ တင်ပြရာတွင် မြန်မာဘာသာဖြင့် ရေးသားဖော်ပြရန်နှင့် အများဆုံးစာမျက်နှာ(၂၀၀)ထက်မပိုရပါ။** အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက် တစ်ခုချင်းစီကို အောက်တွင်ဖော်ပြထားပါသည်-

### ၆.၂။ ထောက်ပံ့ပေးသွင်းသူ၏ အရည်အချင်းနှင့် အတွေ့အကြုံ

(က) လူမှုဖူလုံရေးအဖွဲ့အနေဖြင့် စီမံကိန်းစီမံခန့်ခွဲမှု အတွေ့အကြုံရင့်ကျက်သော၊ ကောင်းမွန်သော စနစ်တည်ဆောက်မှု၊ နည်းပညာပိုင်းဆိုင်ရာထောက်ပံ့ပေးနိုင်မှု၊ စတင်အသုံးပြုနိုင်ရန်လုပ်ဆောင်ပေးခြင်း၊ လုပ်ငန်းစဉ်ဆက်မပြတ်လည်ပတ်နိုင်မှုနှင့် ပြုပြင်ထိန်းသိမ်းနိုင်ခြင်းစသည့် စွမ်းဆောင်ရည်များရှိသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် လက်တွဲဆောင်ရွက်လိုပါသည်။ ထောက်ပံ့ပေးသွင်းမည့်သူသည် လုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း ကောင်းမွန်စွာဆောင်ရွက်ပေးအပ်နိုင်သည့် စွမ်းဆောင်ရည် ရှိရမည်။

(ခ) ထောက်ပံ့ပေးသွင်းသူအနေဖြင့် တင်သွင်းလာသည့် အဆိုပြုလွှာတွင် စစ်ဆေးအကဲဖြတ်စံနှုန်း တစ်ခုချင်း စီအတွက် အောက်ပါအချက်အလက်များကို မဖြစ်မနေဖော်ပြရမည်-

(၁) အဖွဲ့အစည်းအကြောင်းအကျဉ်းချုံး ရေးသားဖော်ပြချက်

- အဆိုပြုလွှာကို တာဝန်ယူမည့် ထောက်ပံ့ပေးသွင်းသူ၏ တရားဝင်ဖွဲ့စည်းပုံအမျိုးအစား၊ ဥပမာ ကော်ပိုရေးရှင်း၊ အကျိုးတူပူးပေါင်းမှု၊ စပ်တူလုပ်ငန်းနှင့် တစ်ဆင့်ငှါးရမ်းဆောင်ရွက်မည့် sub contractor များ အားလုံးကို ဖော်ပြရမည်။
- 'ဖြေရှင်းချက်' ကို ပြီးစီးအောင်ဆောင်ရွက်နိုင်စွမ်းနှင့်ပတ်သက်၍ အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးအဆင့်ဖွဲ့စည်းပုံကိုဖော်ပြရမည်။

(၂) ထောက်ပံ့ပေးသွင်းသူဘက်မှ လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့၏ ဖွဲ့စည်းပုံ- စီမံကိန်းမန်နေဂျာ၊ telecommunication infrastructure specialist၊ telecommunication security specialist၊ system architect၊ network ကျွမ်းကျင်သူနှင့် Maintenance and Operation လုပ်ငန်းကျွမ်းကျင်သူနှင့် အခြားစသည်ဖြင့် ကဏ္ဍတစ်ခုချင်းစီအတွက် ဆောင်ရွက်ပေးမည့် IT ပညာရှင်များကို ဖော်ပြရမည်။

(ဂ) ထောက်ပံ့ပေးသွင်းသူသည် ၎င်း၏ လုပ်ငန်းအတွေ့အကြုံအား အောက်ပါစစ်ဆေးအကဲဖြတ် စံနှုန်းတစ်ခုချင်းစီ အတွက် ဖော်ပြပေးရမည်-

(၁) လွန်ခဲ့သည့် ငါးနှစ်အတွင်း ဆောင်ရွက်ခဲ့ဖူးသော လူမှုဖူလုံရေးစီမံကိန်းနှင့် အလားတူစီမံကိန်း (၂) ခု ကို ဖော်ပြရမည်။ အဆိုပါစီမံကိန်းများသည် အောက်ပါ အချက်အလက်များနှင့်ကိုက်ညီရမည်-

(က) ပြည်သူ့ပိုင်ကဏ္ဍ (သို့မဟုတ်) ကြီးမားသည့်ပုဂ္ဂလိကလုပ်ငန်း၊

(ခ) လူမှုဖူလုံရေးအဖွဲ့မှဆောင်ရွက်မည့် Infrastructure နှင့် အရွယ်အစားတူညီသည့် (သို့မဟုတ်) ပိုကြီးသည့်လုပ်ငန်း၊

(ဂ) Telecommunication Infrastructure အခြေခံအဆောက်အအုံ ချိတ်ဆက်တပ်ဆင်ခြင်းလုပ်ငန်း၊

Social Security Board

(ဃ) အသုံးပြုသူများ နေရာအနှံ့တွင်ရှိခြင်း

(ဃ) ထောက်ပံ့ပေးသွင်းသူသည် စီမံကိန်းတစ်ခုချင်းစီ၏ customer reference (အဆိုပါ စီမံကိန်းကို အတည်ပြုပေးနိုင်မည့်သူထံ ဆက်သွယ်နိုင်မည့် လိပ်စာ၊ ဖုန်းနံပါတ်နှင့် email) များကို ပြည့်စုံစွာ ဖော်ပြပေးရမည်။

## ၆.၃။ ထောက်ပံ့ပေးသွင်းသူ၏ နားလည်သဘောပေါက်မှုနှင့် အသုံးပြုမည့်နည်းလမ်း

(က) ထောက်ပံ့ပေးသွင်းသူသည် **နောက်ဆက်တွဲ(က)** တွင် ဖော်ပြထားသော ဆောင်ရွက်ပြီးစီးရမည့် လုပ်ငန်းများအတွက် အောင်မြင်အောင်အကောင်အထည်ဖော်နိုင်ရန် အသုံးပြုမည့် နည်းလမ်းများကို ရှင်းလင်းစွာဖော်ပြနိုင်ရမည်။

(ခ) ထောက်ပံ့ပေးသွင်းသူသည် အောက်ပါအကြောင်းအရာများကို ဖော်ပြရမည်-

(၁) စီမံကိန်းကို ဆောင်ရွက်မည့်လမ်းစဉ်- ထောက်ပံ့ပေးသွင်းသူတစ်ဦးအနေဖြင့် ဤစီမံကိန်းကို မည်သို့နားလည်ကြောင်းရှင်းပြရမည်။ (စီမံကိန်းတွင်ဖော်ပြထားသည့် သတ်မှတ်ရက်များအမီ ပြီးစီးနိုင်အောင် အရင်းအမြစ်များကို မည်သို့အသုံးပြုသွားမည်ဆိုသည့် အစီအစဉ်၊ အရင်းအမြစ်မည်မျှ၊ မည်သည့် အရင်းအမြစ်က စီမံကိန်း၏ မည်သည့် အစိတ်အပိုင်းအတွက်၊ မည်သည့် ရေးဆွဲအကောင် အထည် ဖော်မှုအတွက်၊ မည်သည့် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းအတွက်နှင့် လူမှုဖူလုံရေး IT ဝန်ထမ်းများကို မည်သို့ အသိပညာ လွှဲပြောင်းပေးမည်ဆိုသည့် အစီအစဉ်)၊

(၂) လုပ်ငန်းတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းမည့်ပုံနှင့် လုပ်ငန်းဆောင်ရွက်မည့်နည်းလမ်း၊

(၃) Telecommunication အခြေခံအဆောက်အအုံ စတင်အသုံးပြုနိုင်ရေးနှင့် လူမှုဖူလုံရေးအဖွဲ့ရှိ facilities များအားလုံးနှင့် ချိတ်ဆက်နိုင်ရေးလုပ်ငန်းစဉ်၊

(၄) **နောက်ဆက်တွဲ(က)** ၊ **နောက်ဆက်တွဲ(စ)** နှင့် **နောက်ဆက်တွဲ(ဆ)** ပါ လိုအပ်ချက်များ နှင့်အညီပေးပို့လုပ်ဆောင်မည့် hardware နှင့် software အစိတ်အပိုင်းများအားလုံး၏ အသေးစိတ်အချက်အလက်များ ကို အဆိုပြုလွှာပုံစံတွင် မဖြစ်မနေ ဖော်ပြရမည်။

(၅) နောက်ဆက်တွဲ(ဃ) Complaint Check List အရ ကိုက်ညီမှုရှိခြင်း။

(၆) စနစ်ရေးဆွဲပြီးစီးပါက လုပ်ငန်းပထမအဆင့်တွင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းလည်ပတ်နေသည့် Data Center Infrastructure များ၊ Telecommunication Infrastructure များ နှင့် Development Environment (Microsoft Licenses) များနှင့် အခြားဆောင်ရွက်လျက်ရှိသည့်စနစ်များနှင့် ချိတ်ဆက်နိုင်ရေး၊ စတင်အသုံးပြုနိုင်ရေး အစီအစဉ်များ။

(ဂ) မှတ်ချက်– အဆိုပါဝန်ထမ်းများ အားလုံးသည် စနစ်အတွင်းရှိ အကျိုးခံစားခွင့်ရှိသူများ၏ မည်သည့်ပုဂ္ဂိုလ်ရေးအချက်အလက်ကိုမျှ (သို့မဟုတ်) စနစ်၏ အရေးကြီးသည့် လုံခြုံရေးဆိုင်ရာ အချက်အလက်များကို မည်သည့် ပုံစံနှင့်မျှ ထုတ်ဖော်ပြောကြားမည် မဟုတ်ကြောင်း ဝန်ခံကတိပြုချက် (Non-Disclosure Agreement) ကို လက်မှတ်ရေးထိုးရမည်။

## ၆.၄။ အရေးကြီးသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု

(က) **နောက်ဆက်တွဲ(က)** ၊ **နောက်ဆက်တွဲ(စ)** နှင့် **နောက်ဆက်တွဲ(ဆ)** ပါ လိုအပ်ချက်များ နှင့်အညီ ပေးပို့လုပ်ဆောင်မည့် hardware နှင့် software/licenses အစိတ်အပိုင်းများ အားလုံး၏ အသေးစိတ်အချက်အလက်များ (Manufacturer Authofization Letter to sell the hardware from the original manufacturer များ၊ Product Catalog များ၊ Specification များ) ကို ဖော်ပြခြင်း။

(ခ) တရားဝင်မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံအတွင်းအခြေစိုက်သည့် ကုမ္ပဏီဖြစ်ကြောင်း အထောက်အထားဖြစ်သည့် ကုမ္ပဏီမှတ်ပုံတင် မိတ္တူ။

(ဂ) နိုင်ငံတော်က သတ်မှတ်ထားသည့် အခွန်များပေးဆောင်ပြီးကြောင်း ထောက်အထားများ။

(ဃ) ဘဏ်ရှင်းတမ်း အခြေအနေ (Bank Statement) မူရင်း။

## ၆.၅။ အဓိကကျသော ကျွမ်းကျင်ဝန်ထမ်းများ

### ၆.၅.၁။ စီမံကိန်းမန်နေဂျာ

(က) ထောက်ပံ့ပေးသွင်းသူမှ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသည့် စီမံကိန်းမန်နေဂျာကို တင်ပြရမည်-

(၁) အမည်အပြည့်အစုံ ဖော်ပြရမည်။

(၂) IT လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁၀) နှစ် ရှိရမည်။

Social Security Board

(၃) စီးပွားရေး (နှင့်/သို့မဟုတ်) သတင်းအချက်အလက်နှင့် နည်းပညာဘွဲ့၊ ကွန်ပျူတာဘွဲ့၊ အင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) သိပ္ပံဘွဲ့ရ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်၊ (ပေးအပ်မည့်တာဝန် နှင့်သက်ဆိုင်သည့် အသိအမှတ်ပြုလက်မှတ်များ တင်ပြရမည်။)

(၄) Telecommunication Infrastructure တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သဘောပေါက်သူ ဖြစ်ရမည်။

(၅) လူမှုဖူလုံရေးစီမံကိန်းနှင့် အလားသဏ္ဍာန်တူသော စီမံကိန်းများတွင် စီမံကိန်းမန်နေဂျာ အနေဖြင့် အနည်းဆုံး (၄) နှစ် တာဝန်ထမ်းဆောင်ဖူးသူ ဖြစ်ရမည်။

(၆) မြန်မာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာစကားဖြင့်လည်း ဆက်သွယ်ပြောဆိုနိုင်သူ ဖြစ်ရမည်။ (မြန်မာစကား မပြောတတ်သူဖြစ်ပါက အချိန်ပြည့် မြန်မာစကားပြန်တစ်ဦး) စီစဉ်ထားရှိပေးရမည်။ ဆက်သွယ်ပြောဆိုမှု အားလုံးအတွက် မြန်မာဘာသာကို အသုံးပြုရမည်။

**၆.၅.၂။ စီမံကိန်းအထူးပြုအရင်းအမြစ်များ**

(က) ထောက်ပံ့ပေးသွင်းသူသည် အများဆုံး (၅) မျက်နှာခန့် ရှိသည့် အကျဉ်းချုပ်တွင် အောက်ပါသတင်း အချက်အလက်နှင့် နည်းပညာစနစ်ဆိုင်ရာ အရင်းအမြစ်တို့၏ အတွေ့အကြုံနှင့် ပတ်သက်၍ ဖော်ပြရမည်-

(၁) Telecommunication Infrastructure and Network Design Specialist

(၂) Network Security Specialist

(၃) Telecommunication Infrastructure Installation Specialist

(၄) Maintenance and Operation Specialist

(ခ) 'ဖြေရှင်းချက်' ကို ပေးအပ်သည့်အခါ ထောက်ပံ့ပေးသွင်းသူသည် မိမိဝန်ထမ်းအရေအတွက်ကို စိတ်ကြိုက်ထည့်နိုင်သည်။ သို့သော် အဆိုပြုလွှာကို စစ်ဆေးအကဲဖြတ်ရန်အတွက် <u>အဆိုပါတင်သွင်းထားသည့် ဝန်ထမ်းများ၏ ကိုယ်ရေးအကျဉ်းကိုသာ စစ်ဆေးအကဲဖြတ်ပါမည်။</u>

(ဂ) ထောက်ပံ့ပေးသွင်းသူသည် အဆိုပါ အရင်းအမြစ်များအားလုံးအတွက် တစ်ဦးချင်းစီတွင်အနည်းဆုံးရှိရမည့် အောက်ပါအချက်များကို တင်ပြရမည်-

(၁) အမည်အပြည့်အစုံ၊

(၂) သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ လုပ်ငန်းအတွေ့အကြုံစုစုပေါင်း (၅)နှစ်၊

(၃) စီးပွားရေး နှင့်/သို့မဟုတ် သတင်းအချက်အလက်နှင့် နည်းပညာဘွဲ့၊ ကွန်ပျူတာဘွဲ့၊ အင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) သိပ္ပံဘွဲ့ရ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်၊ (ပေးအပ်မည့်တာဝန်နှင့် သက်ဆိုင်သည့် အသိအမှတ်ပြုလက်မှတ်များ တင်ပြရမည်။)

(၄) ဤစီမံကိန်းတွင် ထမ်းဆောင်မည့် ရာထူးနှင့်ဆိုင်သော အတွေ့အကြုံ (၃) နှစ် နှင့် အထက်ရှိသူ၊

(၅) လူမှုဖူလုံရေးစီမံကိန်းနှင့် အလားသဏ္ဍာန်တူသော အစိုးရ (သို့မဟုတ်) ပုဂ္ဂလိကစီမံကိန်း တစ်ခုတွင် အနည်းဆုံး တာဝန်ထမ်းဆောင်ဖူးသူ၊(လုပ်ငန်းအထောက်အထားများပူးတွဲထည့်ရန်)

(၆) မိမိ၏လုပ်ငန်းအကြောင်းကောင်းမွန်စွာနားလည်သဘောပေါက်သူ၊

(၇) မြန်မာစကားကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုနိုင်သူ၊

Social Security Board

## Tables and Figures

### Figures

ပုံ (1) – လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ် စီမံကိန်း စီမံခန့်ခွဲမည့် ဖွဲ့စည်းပုံ ....13
ပုံ (2) – ပေးအပ်ရမည့် လုပ်ငန်းများ ပြီးစီးကြောင်း အတည်ပြုရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ် ....14
ပုံ(3)–အခြေခံအဆောက်အအုံအစိတ်အပိုင်းများတပ်ဆင်ပေးခြင်းနှင့် စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းနည်းလမ်း....15
ပုံ (4) – ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းစဉ် ....16
ပုံ (5) – လုပ်ငန်းလည်ပတ်ရေး ဝန်ဆောင်မှုလုပ်ငန်းစဉ် ....17
ပုံ (6) – လူမှုဖူလုံရေးအဖွဲ့ တည်ဆောက်လျက်ရှိသည့် အခြေခံအဆောက်အအုံပုံစံ ....18
ပုံ (7) – Data center ၏ High Level design ပုံစံ (as Reference) ....19
ပုံ (8) – Physical Diagram of HQ Network (as reference) .... 20

### Tables

ဇယား (1) လူမှုဖူလုံရေးအဖွဲ့၏ ဖွဲ့စည်းပုံအရစနစ်ကို တိုက်ရိုက်အသုံးပြုမည့်သူများ .... 7
ဇယား (2) ဌာနပြင်ပရှိ တိုက်ရိုက်အသုံးပြုမည့်သူများ (ကိုးကား-လူမှုဖူလုံရေးအဖွဲ့) .... 8

Social Security Board